NUCC National Unity Consultative Council

အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ

# အမျိုးသားညီညွတ်ရေး အစိုးရ၏ (၅) နှစ်ပြည့်နှစ်ပတ်လည်နေ့သို့ ပေးပို့သည့် သဝဏ်လွှာ

ရက်စွဲ။ ၂၀၂၆ ခုနှစ်၊ ဧပြီလ (၁၆) ရက်

နွေဦးတော်လှန်ရေးကာလ (ကြားကာလ) အတွင်း ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်နှင့်အညီ အုပ်ချုပ်ရေးဆိုင်ရာတာဝန်များကို ထမ်းဆောင်ရန် ဖွဲ့စည်းခဲ့သည့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ၏ (၅) နှစ် ပြည့်နှစ်ပတ်လည်ကို အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) အနေဖြင့် ဝမ်းမြောက်ကြိုဆို ဂုဏ်ပြုအပ်သည်။

အနိမ့် ၊ အမြင့် အတက်အကျများလှသော (၅) နှစ်တာ တော်လှန်ရေးဖြတ်သန်းမှုအတွင်းမှ အောင်မြင်မှုများကို ဂုဏ်ယူခြင်း နှင့်အတူ အားနည်းချက်များကိုလည်း သင်ခန်းစာယူ ပြင်ဆင်ကြရမည်ဖြစ်ပါသည်။

အမျိုးသားညီညွတ်ရေးအစိုးရ (NUG) နှင့် အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) သည် ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်အရ အပြန်အလှန်စည်းနှောင်မှု၊ အထောက်အပံ့ဖြစ်မှု အခြေခံများဖြင့် ဖွဲ့စည်းခဲ့ကြခြင်းဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၅) နှစ်တာကာလအတွင်းတည်ဆောက်ခဲ့သော အပြန်အလှန် စည်းနှောင်မှု အထောက်အပံ့ဖြစ်မှုများကို သင်ခန်းစာယူခြင်း ပြန်လည်သုံးသပ်ခြင်းများ ပြုလုပ်ကာ ပိုမိုတိုးတက် ကောင်းမွန်စေရန်လည်း ကြိုးပမ်းကြရမည်ဖြစ်ပါသည်။

တော်လှန်ရေး၏ ရည်မှန်းချက်ဆီသို့ မမိုတ်မသုန် ဆက်လက် ချီတက်သွားနိုင်ရန် အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံ ကောင်စီ (NUCC) အနေဖြင့်လည်း ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်ပါ ပြဋ္ဌာန်းချက်များကို လက်ကိုင်ထား၍ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) နှင့်အတူ လက်တွဲ၍ ဟန်ချက်ညီ ဆောင်ရွက်သွားနိုင်ရန်လည်း ကြိုးပမ်းသွားမည်ဖြစ်ကြောင်းဆန္ဒပြု၍ ဤသဝဏ်လွှာကို ပေးပို့အပ်ပါသည်။

တော်လှန်ရေးသစ္စာဖြင့်

အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC)